## **သတ်ဖြတ်ခြင်းမှ ငြင်းဆန်ခွင့် မြန်မာနိုင်ငံမှာ ရှိသလား။**

Ye Htet and Yeshua Moser-Puangsuwan

လက်နက်ကိုင်ပဋိပက္ခနှင့် ဖြစ်ရပ်များအချက်အလက်လေ့လာရေးပရောဂျက် (The Armed Conflict Location and Event Data Project) က မြန်မာနိုင်ငံကို ကမ္ဘာတဝှမ်းမှာ အပြင်းထန်ဆုံးသော အကြမ်းဖက်စစ်ပွဲတွေ အများဆုံးရှိနေတဲ့ နိုင်ငံတခုအဖြစ် သတ်မှတ်ထားပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေက မြန်မာနိုင်ငံအတွက် အသစ်မဟုတ်ပေမယ့် စစ်တပ်က အာဏာကို ရယူသိမ်းပိုက်လိုက်တဲ့ ၂၀၂၁ ဖေဖော်ဝါရီနောက်ပိုင်းမှာတော့ ပဋိပက္ခတွေက ပိုမိုပြင်းထန်လာပြီး တနိုင်ငံလုံးဆီသို့ ပြန့်နှံ့ရောက်ရှိသွားပါတယ်။ ရာနဲ့ချီတဲ့ ပြည်သူ့စစ် လက်နက်ကိုင်အဖွဲ့ငယ်တွေ၊ အရွယ်အစားပိုမိုကြီးမားတဲ့ လူမျိုးစုလက်နက်ကိုင်အဖွဲ့တွေနဲ့ နိုင်ငံကို စိုးမိုးနေတဲ့ စစ်တပ်တို့ကြားထဲက စစ်ပွဲတွေထဲမှာ လက်နက်ကိုင်စစ်သည် ၃၉,၀၀၀ နီးပါး က ကျဆုံးခဲ့ပါတယ်။ စစ်သည်မဟုတ်တဲ့ အရပ်သား ၈,၀၀၀ လည်း ဒီစစ်ပွဲအတွင်းမှာ ကျဆုံးခဲ့ပါတယ်။[1]

တိုင်းပြည်အာဏာရယူထားတဲ့ စစ်အုပ်စုက ဖေဖော်ဝါရီ၂၀၂၄ မှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်မယ့် အစီအစဉ်ကို ကြေညာခဲ့ပါတယ်။ ဒီဥပဒေက အမျိုးသား (အသက် ၁၈ ကနေ ၃၅အထိ) နဲ့ အမျိုးသမီး (အသက် ၁၈ ကနေ ၂၇ အထိ) မဖြစ်မနေ စစ်မှုထမ်းဖို့ ဆင့်ခေါ်နိုင်ပါတယ်။ ဒီကြေညာချက်က တိုင်းပြည်မှာရှိနေတဲ့ လူငယ် ၁၄သန်းကျော်နဲ့ သူတို့ရဲ့ မိသားစုတွေကို ကြောက်ရွံ့ခြင်းနှင့် ပူပင်သောကတွေကို ဖြစ်စေပါတယ်။ ၃ ရက်အကြာမှာပဲ စစ်ကောင်စီက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး တစ်နှစ်ကို အနည်းဆုံး လူငယ်ခြောက်သောင်းကို စစ်မှုထမ်းစေဖို့ စီစဉ်ပါတယ်။ စစ်မှုထမ်းဖို့ ခေါ်ယူမှုတွေကို မြန်မာ့နှစ်သစ်ကူး ဧပြီလလယ်ကနေ စတင်မယ်လို့ ထုတ်ပြန်ထားပါတယ်။[2] ဒါပေမယ့် လူငယ်တွေကို အတင်းအကြပ် စုဆောင်းခေါ်ယူမှုတွေရှိနေပြီးဖြစ်တယ်လို့ အစီရင်ခံစာတချို့မှာ မှတ်တမ်းတင်ထားပါတယ်။[3]

စစ်ကောင်စီရဲ့ ပြောရေးဆိုခွင့်ရှိသူက အမျိုးသားစစ်မှုထမ်းဥပဒေကို နိုင်ငံသားတိုင်း စစ်သင်တန်းတက်ရောက်ပြီး တိုင်းပြည်ကာကွယ်ဖို့ အခွင့်အရေးအဖြစ် ပြောသွားပါတယ်။ စစ်မှုထမ်းဥပဒေကို ဆန့်ကျင်သူတွေထဲမှာ အသံအကျယ်ဆုံး ကတော့ စစ်တပ်ကို ဆန့်ကျင်နေကြတဲ့ လက်နက်ကိုင်အဖွဲ့တွေပဲဖြစ်ပါတယ်။ ဒီစစ်တပ်ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့တွေက သူတို့ဆီကို ကူးပြောင်းလာကြပြီး စစ်ကောင်စီကို ပြန်လည်တိုက်ခိုက်ကြဖို့ စည်းရုံး တိုက်တွန်းကြပါတယ်။ စစ်ကောင်စီရဲ့ တရားဝင်မှုကို စိန်ခေါ်နေတဲ့ အတိုက်အခံ ပြည်ပရောက်အစိုးရ-NUG က စစ်မှုထမ်းဆင့်ခေါ်ခြင်းများတွင် ပူးပေါင်းပါဝင်သူတွေကို "တားဆီးနှိမ်နင်းအပြစ်ပေးအရေးယူမယ်"ဆိုတဲ့ ပြဿနာဖြစ်ဖွယ် ကြေညာချက်တခုကို ထုတ်ပြန်ထားပါတယ်။[4] စစ်မှုထမ်းဥပဒေကို ဆန့်ကျင်နေတဲ့ တက်ကြွလှုပ်ရှားသူတဦးကတော့ လက်နက်ကိုင်အစုအဖွဲ့တွေအနေနဲ့ ဒီကြေညာချက်ကို "စစ်အုပ်ချုပ်ရေးယန္တယားမှာ ပါဝင်နေတဲ့ အရပ်သားတွေအပေါ် သတ်ဖြတ်ခြိမ်းခြောက်ဖို့ တိုက်တွန်းချက်အဖြစ် မှတ်ယူသွားနိုင်တာကြောင့်" အကြမ်းဖက်မှုတွေကို ပိုမိုများပြားစေနိုင်တယ်လို့ ထောက်ပြပါတယ်။

ဒါက မြန်မာလူငယ်တွေအတွက် လက်နက်ကိုင်ခြင်းမှလွဲပြီး ရွေးချယ်စရာမရှိဘဲ လက်နက်ကိုင် အကြမ်းဖက်မှုတွေကို မြန်မာနိုင်ငံအနှံ့ ပြန့်နှံ့စေပါလိမ့်မယ်။ ဘက်အသီးသီးကနေလည်း "တိုင်းပြည်ကိုကာကွယ်ဖို့အတွက် ၎င်းတို့ဘက်မှ တိုက်ခိုက်ပေးဖို့" စည်းရုံးကြနေပါတယ်။ မြန်မာနိုင်ငံက လူအများစုက စစ်အုပ်ချုပ်ရေးကို အာခံဆန့်ကျင်ဖို့ စိတ်အားထက်သန်ကြတာကို ၂၀၂၄ ဖေဖော်ဝါရီ ၁ရက်နေ့မှာ ပြသထားပါတယ်။  ဒီစစ်အာဏာသိမ်းမှု သုံးနှစ်မြောက်နေ့မှာ မြန်မာနိုင်ငံတဝှမ်းလုံးမှာ အသံတိတ်သပိတ်နဲ့ အထွေထွေသပိတ်တွေကို ပြုလုပ်ခဲ့ပြီး နိုင်ငံတဝှမ်းက လမ်းတွေမှာ လူသူကင်းမဲ့နေခဲ့ပါတယ်။တနာရီတိုင်းမှာ ပါဝင်သူတဦးကို သေစေနေတဲ့ ဒီစစ်ပွဲမှာ ပါဝင်သတ်ဖြတ်ခြင်းမှ ငြင်းဆန်ခွင့်ကို တောင်းဆိုနေတဲ့ လူငယ်တွေရဲ့အသံကို နားထောင်ဖို့လိုပါတယ်။ လက်နက်ကိုင်ဖို့ စိတ်ဆန္ဒမရှိတဲ့ မန္တလေးနဲ့ ရန်ကုန်က လူငယ်တွေကို RFA ကနေအင်တာဗျူးရာမှာတော့ မွန်းကြပ်မှုနဲ့ စိုးရိမ်ထိတ်လန့်မှုတွေ ပြည့်နှက်နေပါတယ်။ "ဒီအချိန်မှာ လူငယ်တွေအနေနဲ့ လက်နက်ကိုင်ပဋိပက္ခထဲ မပါဝင်ဖို့ စိတ်ဆန္ဒရှိကြောင်းအသံထွက်ပြောဆိုဖို့ ခက်ခဲပါလိမ့်မယ်။ နှစ်ဖက်စလုံးကနေ ပြစ်တင်ရှုတ်ချကြလိမ့်မယ်။ စစ်တပ်ကတော့ တိုင်းပြည်ချစ်စိတ်မရှိသူလို့ ခြိမ်းခြောက်ပြီး စစ်မှုထမ်းဥပဒေကို မလိုက်နာပါက အပြစ်ဒါဏ်ပေးနိုင်ပါတယ်။ စစ်အုပ်စုကို ဆန့်ကျင်နေကြတဲ့ အစုအဖွဲ့တွေအနေနဲ့ကလည်း တော်လှန်ရေးကို မပံ့ပိုးရကောင်းလားဆိုပြီး ပြစ်တင်ဝေဖန်နိုင်ပါတယ်။" လို့ အမည်မဖော်လိုတဲ့ မြန်မာနိုင်ငံသား အကြမ်းမဖက်ရေးရာ လှုပ်ရှားသူတဦးက ပြောပါတယ်။

ရာပေါင်းများစွာသော လူငယ်တွေကတော့ ပတ်စပို့ရုံးတွေနဲ့ ထိုင်းသံရုံးရှေ့မှာ ဗီဇာရဖို့ လျှောက်ထားကြနေပါတယ်။ ဒါက ကူးပြောင်းနေထိုင်ခြင်းဖြင့် သူတို့ရဲ့စိတ်ဆန္ဒကို ပြသနေခြင်းပါပဲ။ ရှေ့အပါတ်ကပဲ ဒီဆောင်းပါးရဲ့စာရေးသူတဦးက မြန်မာနိုင်ငံက လုပ်ဖော်ကိုင်ဖက်တဦးနဲ့ဘန်ကောက်မှာ ဆုံပါတယ်။ စစ်မှုထမ်းဥပဒေကြောင့် သူရဲ့ ကောလိပ်ကျောင်းသားအရွယ် သားဖြစ်သူကို ဘန်ကောက်လိုက်ပို့ပေးနေတာလို့ဆိုပါတယ်။ ဒါပေမယ့် တိုင်းပြည်က ထွက်ခွာဖို့ဆိုတာက လူအများအတွက်  ရွေးချယ်စရာ မဟုတ်ပါဘူး။

(ရဲထက်ကတော့ မြန်မာနိုင်ငံအရေး အကြမ်းမဖက်လှုပ်ရှားသူများနှင့်ပတ်သက်ပြီး လေ့လာသူနဲ့ သင်တန်းပို့ချသူတဦး ဖြစ်ပါတယ်။ Yeshua Moser-Puangsuwan ကတော့ သူမွေးဖွားရာနိုင်ငံမှာ စစ်မှုထမ်းဥပဒေကို ငြင်းဆန်ခဲ့ပြီး လက်ရှိမှာတော့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လက်နက်လျှော့ချဖြတ်သန်းရေး သုတေသီနဲ့ လှုံ့ဆော်သူတဦးဖြစ်ပါတယ်။ )


1. Far from Ukraine and Gaza, Another War Just Killed 50,000 People, Newsweek, 31 January 2024.
2. For an indepth report on Myanmar's conscription law, see ISP On Point, No. 20. Pandemonium: The Conscription Law and Five Negative Potential Consequences, 20 February 2024.
3. Radio Free Asia, Myanmar youths go into hiding to avoid getting forced into battle, 14 February 2024.
4. "Statement on the Conscription Law", Republic of the Union of Myanmar National Unity Government, 23 February 2024.